**ချုကလီးယားအစီအစဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအပေါ် မမှန်မကန် စွပ်စွဲပြောကြားချက်များနှင့်**
**စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်**

ယခုရက်ပိုင်းအတွင်း နိုင်ငံတကာသတင်းမီဒီယာများတွင် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားလက်နက် ပိုင်ဆိုင်ရန် ရည်ရွယ်ချက်ဖြင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်း၍ နျူကလီးယားအစီအစဉ်တစ်ရပ် ဖော်ဆောင်ရန် ကြိုးပမ်းလုပ်ဆောင်နေကြောင်း စွပ်စွဲချက်များ ကို ထုတ်လွှင့် ဖော်ပြခဲ့ကြပါသည်။

ယင်းသို့ဝေဖန်ထုတ်လွှင့်ပြောဆိုချက်များသည် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များသာ ဖြစ်ပြီး၊ နိုင်ငံရေး ထိုးနှက်ရန်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းသာ ဖြစ်ပါသည်။

ထို့အပြင် ယင်းစွပ်စွဲချက်များသည် မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်ပျက်ပြားစေရန် ဆောင်ရွက်နေသည့် လူပုဂ္ဂိုလ်များနှင့် သတင်းမီဒီယာဌာနများမှ မမှန်မကန်ထုတ်လွှင့်မှု များဖြစ်ခြင်း၊ တပ်ပြေးအချို့နှင့် ဝရမ်းပြေး၊ ပြည်ပြေး အချို့တို့၏ စွပ်စွဲပြောကြားချက်ဇစ်မြစ် တစ်ခုတည်းပေါ် အခြေခံထားခြင်းတို့ကြောင့်၊ ယုံကြည် စိတ်ချရမှုနှင့် တိကျမှန်ကန်မှု၊ မျှတမှု မရှိသည့် သတင်းများသာဖြစ်ပါသည်။ ယင်းသို့အခြေအမြစ်မရှိသော စွပ်စွဲချက်များသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် လုံးဝကွာခြားလွန်းသော ကိစ္စဖြစ်၍ တုံ့ပြန်ရှင်းလင်းရန် လိုအပ်ခြင်းမရှိဟု ယူဆခဲ့ပါသည်။

အမေရိကန်အစိုးရမှ မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ရန် မူဝါဒ ချမှတ်ခဲ့ပြီး နောက် ယင်းမူဝါဒနှင့်အညီ အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာဂျင်ဝက်ဘ်နှင့် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကာ့ဒ်ကမ်းဘဲလ်တို့သည် မြန်မာနိုင်ငံသို့ လာရောက်၍ နှစ်နိုင်ငံအကြား ထိတွေ့ဆွေးနွေးမှုလုပ်ငန်းစဉ်များကို ပြုလုပ်ခဲ့ကြပါသည်။

ယင်းသို့ အမေရိကန်နှင့် မြန်မာ ဆက်ဆံရေး ပြန်လည်စတင်နေချိန်တွင် မြန်မာအစိုးရအား ဆန့်ကျင်သူများက သတင်းမီဒီယာများနှင့် ပူးပေါင်း၍ ရည်ရွယ်ချက် ရှိရှိဖြင့် မြန်မာနိုင်ငံ အပေါ် နျူကလီးယားနှင့် ပတ်သက်သည့် စွပ်စွဲချက်များကို အချိန်ကိုက် လုပ်ကြံဖန်တီးခဲ့ခြင်း ဖြစ်ပါသည်။ ထို့ပြင် မြန်မာအစိုးရအနေဖြင့် ယခုနှစ်အတွင်း အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် နိုင်ငံရေးလုပ်ငန်းစဉ်အပေါ် အဟန့်အတား ဖြစ်စေရန် နှင့် နိုင်ငံရေးအရ သိက္ခာကျစေရန် ထိုးနှက် လုပ်ဆောင်ခြင်းလည်း ဖြစ်ပါသည်။ ယင်းသို့သော စွပ်စွဲချက်များ ထွက်ပေါ်လာခြင်းကြောင့် မြန်မာနိုင်ငံသို့ ဇွန်လဆန်း ပိုင်းတွင် လာရောက်ရန် စီစဉ်ထားခဲ့သော အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာ ဂျင်ဝက်ဘ်သည် ၎င်း၏ ခရီးစဉ်ကို ရွှေ့ဆိုင်းခဲ့ပါသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ ကုလသမဂ္ဂမှ ပြဋ္ဌာန်းထားချက်များ၊ ဆုံးဖြတ်ချက်များကို အစဉ်လေးစား လိုက်နာနေသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ထို့အပြင် ဂျီနီဗာမြို့ရှိ လက်နက်ဖျက်သိမ်းရေးကွန်ဖရင့်၏ မူလအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ အနေဖြင့် တက်ကြွစွာ ပါဝင်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

မြန်မာနိုင်ငံသည် နျူကလီးယား လက်နက် မပြန့်ပွားရေး စာချုပ်ဝင် နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး၊ ယင်းစာချုပ်နှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာအနုမြူစွမ်းအင် အေဂျင်စီ (IAEA)၏ စောင့်ကြည့်မှု သဘောတူညီချက်ကိုလည်း ၁၉၉၅ခုနှစ်တွင် IAEA နှင့် လက်မှတ် ရေးထိုး ထားပြီး ဖြစ်ပါသည်။ ဒေသတွင်းအဆင့်တွင်လည်း မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ နျူကလီးယား လက်နက် ကင်းမဲ့ရေးဇုန် စာချုပ်တွင်လည်း ပါဝင်ထားသည့် အာဆီယံအသင်းဝင် နိုင်ငံ တစ်နိုင်ငံဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျန်းမာရေး၊ ပညာရေးနယ်ပယ်များတွင် ငြိမ်းချမ်းသောရည်ရွယ်ချက်များအတွက် အသုံးပြုရန် ကြိုးပမ်းမှု တစ်ရပ်အဖြစ် ရုရှားနိုင်ငံအပါအဝင် အခြားနိုင်ငံများသို့ ပညာသင်များ စေလွှတ်ခြင်း အပြင် ရုရှားနိုင်ငံနှင့် ပူးပေါင်း၍ (၁၀)မဂ္ဂါဝပ်ရှိသော နျူကလီယား ဓာတ်ပေါင်းဖို တစ်ခု တည်ဆောက်ရန် သဘောတူညီချက်တစ်ရပ် ရှိခဲ့ဖူးသော်လည်း၊ လုံလောက်သည့် အရင်းအမြစ် များ မရှိခြင်း၊ နိုင်ငံတကာမှ နားလည်မှု လွဲမှားမည်စိုးခြင်း တို့ကြောင့် လက်တွေ့ လုပ်ဆောင်နိုင်ခြင်း မရှိသေးဘဲ ရပ်ဆိုင်းထားခဲ့ပါသည်။ ယင်း စီမံကိန်းကိုလည်း IAEA ၏ စောင့်ကြည့်မှု အစီအစဉ် အောက်မှနေ၍ ဆောင်ရွက်ရန် စီစဉ်ခဲ့ခြင်း ဖြစ်ပါသည်။

နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးနှင့် နျူကလီးယားလက်နက် ထုတ်လုပ်ရေးကို ခွဲခြားရှုမြင်ရန် လိုအပ်မည်ဖြစ်ပါသည်။

နိုင်ငံတိုင်းသည် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းစွာ အသုံးပြုနိုင်သည့် အခွင့်အရေးရှိသည့်အချက်ကို မြန်မာနိုင်ငံမှ အစဉ်တစိုက် ထောက်ခံခဲ့ပါသည်။ နျူကလီးယား လက်နက် မပြန့်ပွားရေးကို ထောက်ခံသည့် တစ်ချိန်တည်း မှာပင် နျူကလီးယား လက်နက် မပြန့်ပွားရေးစာချုပ်အား နိုင်ငံရေးအရ အသုံးမပြုရေးနှင့် ယင်းစာချုပ်အား အကောင်အထည်ဖော်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ခွဲခြား ဆက်ဆံမှု မပြုရေးမူများကို ထောက်ခံသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် အတူ လက်တွဲလျက် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့အတွက် အစဉ်တစိုက် ပါဝင်ဆောင်ရွက်နေသည့် နိုင်ငံ တစ်နိုင်ငံဖြစ်ပါသည်။ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ကို ထိပါးစေမည့် လုပ်ဆောင်မှုမျိုးကို မည်သည့်အခါမျှ လုပ်ဆောင်မည် မဟုတ်ပါ။

မြန်မာနိုင်ငံအပေါ် ချူကလီးယားနှင့် ပတ်သက်၍ အခြေအမြစ်မရှိသော စွပ်စွဲချက်များကို အခြေပြု၍ ဖိအားပေးမှုများသည်လည်းကောင်း၊ ပြည်တွင်းရေးတွင် စွက်ဖက်ရန် နိုင်ငံရေးရည်ရွယ်ချက် သို့မဟုတ် ပထဝီဒေသဆိုင်ရာ နိုင်ငံရေးမဟာဗျူဟာ ရည်မှန်းချက် ဖြင့် ဝေဖန်စွပ်စွဲမှုများသည်လည်းကောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ကို အကျိုးပြုမည် မဟုတ်ပါ။

ချူကလီးယား လက်နက်ထုတ်လုပ်ရန် မြန်မာနိုင်ငံအနေဖြင့် အခြေခံ အဆောက် အအုံနှင့် နည်းပညာအရ လည်းကောင်း၊ ငွေကြေးအရင်းအမြစ်အရလည်းကောင်း လုံလောက်မှု မရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုသာ ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ချူကလီးယား လက်နက် ထုတ်လုပ်နိုင်သည့် အခြေအနေမရှိဟု ကျွမ်းကျင်သူအချို့က သုံးသပ်ကြပါသည်။

ယင်းအကြောင်းရင်းများကြောင့် မြန်မာနိုင်ငံအနေဖြင့် ချူကလီးယားလက်နက် ပိုင်ဆိုင်ရေးအတွက် ကြိုးပမ်း လုပ်ဆောင်မှုများရှိကြောင်း စွပ်စွဲချက်များသည် မှန်ကန်မှု မရှိကြောင်းနှင့် ချူကလီးယား လက်နက်ပိုင်ဆိုင်ရေးအတွက် ကြိုးပမ်းမှုများ အလျဉ်းမရှိကြောင်း ထပ်လောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကိုသာ လိုလားပြီး၊ ချူကလီးယားလက်နက် ပိုင်ဆိုင်သည့် စစ်အင်အားနိုင်ငံဖြစ်လာရန် ရည်ရွယ်ချက် မရှိပါ။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**

ရက်စွဲ၊ ၂၀၁၀ခုနှစ်၊ ဇွန်လ ၁၁ ရက်

*******